# ရှင်ယောဟန်ဩဝါဒစာတတိယစောင်

နိဒါန်း

ရှင်ယောဟန်ဩဝါဒစာတတိယစောင်သည်``အသက်ကြီးသူ'' ထံမှအသင်းတော်ခေါင်းဆောင်တစ်ဦးဖြစ်သူဂါယုထံသို့ရေးသားသည့်စာဖြစ်သည်။ ဂါယုသည်အခြားခရစ်ယာ န်တို့အားကူညီမစသည့်အတွက်စာရေးသူကသူ့အားချီးကူးထားလေသည်။ ဒယောတရပ်ကိုသတိနှင့်ပေါင်းဖော်ရန်မှာ ကြားသည်။

**အကြောင်းအရာအကျဉ်းချုပ်**

နိဒါန်း ၁-၄

ဂါယုကိုချီးကူးခြင်း ၅-၈

ဒယောတရပ်ကိုပြစ်တင်ရှုတ်ချခြင်း ၉-၁၀

ဒေမေတရိအားချီးမွမ်းခြင်း ၁၁-၁၂

နိဂုံး ၁၃-၁၅

1 အသက်ကြီးသူထံမှအမှန်ပင်သမ္မာတရား
တော်အားဖြင့် ငါချစ်မြတ်နိုးသူဂါယုထံ
သို့စာရေးလိုက်သည်။✡

---

✡ **1:1** တ၊ ၁၉:၂၉။ ရော၊ ၁၆:၂၃။ ၁ကော၊ ၁:၁၄။

2 ချစ်ဆွေ၊ သင်သည်အစစအရာရာတွင်
ကြီးပွားတိုးတက်၍ကျန်းမာရွှင်လန်းစေ
ရန်ငါဆုတောင်း၏။ သင်၏ဝိညာဉ်ပါရမီ
တိုးတက်လျက်ရှိကြောင်းငါသိ၏။-
3 သင်သည်သမ္မာတရားကိုအမြဲလိုက်နာခဲ့ သည့်အတိုင်း
ယခုလည်းသစ္စာနှင့်လိုက်နာကျင့် သုံးလျက်ရှိကြောင်းကို
ညီအစ်ကိုအချို့တို့ လာရောက်ပြောပြ၍ကြားရသဖြင့်ငါ
သည်အလွန်ဝမ်းမြောက်၏။-
4 ငါ့အားဝမ်းအမြောက်ဆုံးဖြစ်စေသည့်အရာ
မှာ သမ္မာတရားကိုငါ့သားသမီးများလိုက်
နာကျင့်သုံးကြကြောင်းသတင်းကိုကြားရ
ခြင်းပင်ဖြစ်သည်။

## ဂါယုကိုချီးမွမ်းခြင်း

5 ချစ်ဆွေ၊ သင်သည်မိမိမသိမကျွမ်းသူညီ
အစ်ကိုများကိုပင်လျှင် သင်ပြုရမည့်ဝတ်ကို
သစ္စာနှင့်ဆောင်ရွက်ပေသည်။-
6 ထိုသူတို့သည်သင်၏မေတ္တာအကြောင်းကို
ဤ အသင်းတော်ရှေ့၌သက်သေခံကြလေပြီ။
သူ တို့သည်ရှေ့သို့ခရီးဆက်နိုင်ကြစေရန်သူ
တို့အားဘုရားသခင်နှစ်သက်တော်မူသည့်
အတိုင်းကူညီမစပါလော့။-

7 သူတို့သည်ယုံကြည်သူမဟုတ်သူများထံမှ
အကူအညီကိုမယူဘဲ နာမတော်အကြောင်း
ဟောပြောရန်ခရီးထွက်ကြသူများဖြစ်ပေ သည်။-
8 သို့ဖြစ်၍ငါတို့များသည်သမ္မာတရားပြန့်
ပွားရေးလုပ်ငန်းတွင် ထိုသူတို့၏လုပ်ဖော်
ဆောင်ဘက်များဖြစ်နိုင်ရန်သူတို့အားကူညီ မစရမည်။

## ဒယောတရပ်နှင့်ဒေမေတရိ

9 ငါသည်အသင်းတော်သို့စာရေးခဲ့သော်
လည်း အသင်းတော်၏ခေါင်းဆောင်ဖြစ်လို
သူဒယောတရပ်ကငါ့စကားကိုမနာ ခံ။-
10 သို့ဖြစ်၍ငါလာသောအခါမှသူပြုသမျှ
သောအမှုတို့ကိုထုတ်ဖော်ပြောဆိုမည်။
သူ သည်ငါတို့အားမလိုမုန်းထားစွပ်စွဲပြော
ဆို၏။ ဤမျှနှင့်မကျေနပ်သေးဘဲသူကိုယ်
တိုင်ပင်လျှင် ညီအစ်ကိုများကိုလက်မခံ၊
လက်ခံလိုသူများအားလည်းတားမြစ်
လျက်အသင်းတော်မှနှင်ထုတ်ရန်ကြိုး စား၏။
11 ချစ်ဆွေ၊ စံနမူနာကောင်းကိုအတုယူပါ။
စံနမူနာဆိုးကိုအတုမယူနှင့်။ အကျင့်
ကောင်းကိုပြုကျင့်သူသည်ဘုရားသခင်၏
ဘက်တော်သားဖြစ်၏။ အကျင့်ဆိုးကိုပြု
ကျင့်သူကားဘုရားသခင်ကိုမသိမြင် သေးသူဖြစ်၏။

12 ဒေမေတရိကို လူတိုင်းချီးမွမ်းပြောဆို
ကြပေသည်။ သမ္မာတရားသည်သူ့ဘက်၌
သက်သေခံ၏။ ငါတို့သည်ထပ်လောင်း၍ ထောက်ခံ၏။
ငါတို့ထောက်ခံချက်သည် ခိုင်လုံကြောင်းသင်သိ၏။

## နောက်ဆုံးနှုတ်ဆက်စကားများ

13 သင်တို့အားပြောစရာအကြောင်းအရာ
များစွာရှိသော်လည်းငါသည်စာအားဖြင့် မရေးဘဲ၊-
14 ငါသည်သင့်ထံသို့မကြာမီရောက်၍သင်နှင့်
မျက်နှာစုံညီတွေ့ဆုံပြောဆိုနိုင်လိမ့်မည်ဟု မျှော်လင့်၏။
15 သင်၌ငြိမ်သက်ခြင်းရှိပါစေသော။
ဤအရပ်ရှိမိတ်ဆွေများကသင့်အားနှုတ် ဆက်ကြ၏။
ငါတို့၏မိတ်ဆွေတစ်ဦးစီအား နှုတ်ဆက်ပါလော့။
ရှင်ယောဟန်ဩဝါဒစာတတိယစောင်ပြီး၏။

# Common Language Bible

## Burmese: Common Language Bible Bible without Deuterocanon

Public Domain

Language: Mynmar language (Burmese)

Translation by: Bible Society of Myanmar

## Burmese Common Language Bible

This translation is published by the Bible Society of Myanmar.
If you are interested in obtaining a printed copy, please contact the Bible Society of Myanmar at https://bsmyanmar.org/.

© 2005 Bible Society of Myanmar. Note: Myanmar is not a member of the Berne Convention treaty, so this copyright does not extend outside of Myanmar.

2014-03-30

---

PDF generated using Haiola and XeLaTeX on 28 Dec 2024 from source files dated 1 Jul 2021
de6d28cc-10f3-5485-8960-5628a6c52793